# သွေးတိုးရောဂါကြောင့်ဖြစ်သော 'ပက္ခဃာတ' ရောဂါအား ဆက်လက်လေ့လာခြင်း စာတမ်း


စာတမ်းတင်သွင်းသည့်ရက် - ၂၀၀၇-ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်

စာတမ်းပြုစုသူအမည် - ဒေါ်ခင်နှင်းဝေ၊

အလုပ်အကိုင် - တိုင်းရင်းဆေးမှူး၊
အကြောရောဂါကုဌာန၊
မန္တလေးတိုင်းရင်းဆေးရုံကြီး

# V စာတမ်းအကျဉ်း W

| | | |
|---|---|---|
| စာတမ်းအမည် | - | *သွေးတိုးကြောင့်ဖြစ်သောပက္ခဃာတရောဂါ* |
| စာတမ်းရှင် | - | ဒေါ်ခင်နှင်းဝေ |
| လိပ်စာ | - | တိုင်းရင်းဆေးမှူး |
| | | အကြောရောဂါကုဌာန |
| | | တိုင်းရင်းဆေးရုံကြီး၊ မန္တလေး |

# V ရည်ရွယ်ချက်နှင့်လေ့လာသည့်အကြောင်းအရာ W

- လေငန်း(ပက္ခဃာတ)ရောဂါအကြောင်းကို ပြည်သူများသိရှိပြီး ကြိုတင်ကာကွယ်နိုင် ကြစေရန်၊ လေငန်းရောဂါ ဝေဒနာရှင်အား ငွေကုန်ကြေးကျသက်သာစွာနှင့် ကုသပျောက်ကင်း စေသော တိုင်းရင်းဆေးဝါးများကို တိုင်းရင်းဆေးပညာရှင်များ ကျယ်ပြန့်စွာအသုံးပြုနိုင်ရန်နှင့် ပြည်သူအများ တိုင်းရင်းဆေးကို အားကိုးယုံကြည်စွာနှင့် သုံးစွဲလာကြစေရန် ရည်ရွယ်ပါသည်။

# V အဓိကရှာဖွေတွေ့ရှိချက် W

လူနာများအား တိုင်းရင်းဆေးဝါးများဖြင့် တိုက်ကျွေးကုသရာတွင် အသုံးပြုသောဆေးများ သည် လူနာများ၏ သွေးတိုးကိုကျစေသောအာနိသင်ကိုသာမက ၄င်းကြောင့်ဖြစ်သော ပက္ခဃာတ ခေါ် ကိုယ်တစ်ခြမ်းသေစေသော လေငန်းရောဂါ ဝေဒနာကိုပါ ပျောက်ကင်းစေကြောင်း တွေ့ရှိရ ပါသည်။

# V အချက်အလက်အကျဉ်းချုပ် W

သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတ(လေငန်း)ရောဂါ စာတမ်းတွင် လေငန်းရောဂါ အကြောင်းသိရှိပြီး ကြိုတင်ကာကွယ်နိုင်ကြစေရန်၊ ရောဂါဖြစ်ပြီးသူများ ပြန်လည်သန်စွမ်းကျန်းမာ လာစေရန် ၊ နိဒါန်း၊ ရည်ရွယ်ချက်၊ ရောဂါရှာဖွေစစ်ဆေးခြင်း၊ ရောဂါဖြစ်ရသည့်အကြောင်း၊ ရောဂါဖြစ်စေသောအကြောင်း၊ ကိုယ်တခြမ်းသေရခြင်းအကြောင်းအရင်း၊ ဆေးတိုက်ကျွေးခြင်း၊ ဆောင်ရန်၊ ရှောင်ရန် တို့ကိုလိုက်နာစေခြင်းဖြင့် ရောဂါအခြေအနေကောင်းမွန်လာစေကြောင်း တွေ့ရှိရပါသည်။

# V စာတမ်းရှင်၏ ကိုယ်ရေးအချက်အလက်များ W

| | | |
|---|---|---|
| အမည် | - | ဒေါ်ခင်နှင်းဝေ |
| | - | တဆ-၆၉၃ |
| | - | B.A (Psy), Dip.T.Med |
| ရာထူး | - | တိုင်းရင်းဆေးမှူး |
| ဌာန | - | တိုင်းရင်းဆေးရုံကြီး၊ မန္တလေး |
| အလုပ်အကိုင် | - | တိုင်းရင်းဆေးဆရာမ |

ဆက်သွယ်ရန်လိပ်စာ
ဒေါ်ခင်နှင်းဝေ၊
တိုင်းရင်းဆေးမှူး၊
အကြောရောဂါကုဌာန၊
မန္တလေးတိုင်းရင်းဆေးရုံကြီး

# V နိဒါန်း W

- အာရောဂျ ပရမံ လာဘံ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟူသော စကားအရ ကျန်းမာခြင်းသည် အလွန်အရေးကြီးပါသည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်း၏ ဆိုသည့်အတိုင်း လူသားတို့အား လေငန်းရောဂါမှ ကြိုတင်ကာကွယ်နိုင်ရန် အစားအသောက်၊ အနေအထိုင်၊ အပြုအမူ၊ ဆေးဝါး ဓါတ်စာတို့ကို အများပြည်သူသိရှိရန် လိုအပ်ပါ သည်။

- ထို့ကြောင့် မန္တလေးတိုင်းရင်းဆေးရုံကြီး အကြောရောဂါကုဌာနတွင် တက်ရောက်ကုသကြသော လူနာများအနက်မှ သွေးတိုးရောဂါကြောင့်ဖြစ်သော လေငန်း(ပက္ခဃာတ)ရောဂါ ဝေဒနာရှင်များအား လက်တွေ့ကုသပျောက်ကင်းသော ဆေးဝါးတိုက်ကျွေးကုသမှု၊ ပဉ္စကမ္မကုထုံး၊ အကြောပြင်ကုသခြင်း၊ ဆောင်ရန်၊ ရှောင်ရန်၊ လေ့ကျင့်ခန်းအကြောင်း တင်ပြသွားမည် ဖြစ်ပါ သည်။

# V ရည်ရွယ်ချက် W

- လေငန်းရောဂါဖြစ်ပွားပါက ကာယကံရှင်လူနာသာမက မိသားစုများပါ လူနေမှုဒုက္ခများစွာခံစားရသောကြောင့် ထိုရောဂါဆိုးမှကင်းဝေးစေရန်၊ လူနာများအား တိုင်းရင်းဆေးဝါးများဖြင့် တိုက်ကျွေးကုသရာတွင် အသုံးပြုသောဆေးများသည် လူနာများ၏ သွေးတိုးကိုကျစေသော အာနိသင်ကိုသာမက ၄င်းကြောင့်ဖြစ်သော ပက္ခဃာတ ခေါ် ကိုယ်တခြမ်းသေစေသော လေငန်းရောဂါဝေဒနာကိုပါ ပျောက်ကင်းစေကြောင်း တိုင်းရင်းဆေးပညာရှင်များ သိရှိပြီး ကျယ်ပြန့်စွာအသုံးပြုနိုင်ရန်နှင့် ပြည်သူများ တိုင်းရင်းဆေးကို အားကိုးယုံကြည်စွာသုံးစွဲလာကြစေရန် ရည်ရွယ်ပါသည်။

# V ရောဂါရှာဖွေစစ်ဆေးခြင်း W

- လေငန်းရောဂါဟူသည် ခြေ၊ လက်စသောအင်္ဂါအစိတ်အပိုင်းတို့ ကောင်းစွာမလှုပ်ရှားနိုင်အောင်ဖြစ်ပေါ်ခံစားရသောရောဂါဖြစ်သည်။ ရှေးဆရာကြီးတို့က ခြေတွင်ဖြစ်သောလေငန်း ရောဂါကို သွက္ကျာပါဒ ဟူ၍လည်းကောင်း၊ ခန္ဓာကိုယ်ဝဲ၊ ယာတဖက်စီ၌ လက်ခြေတို့ မလှုပ်ရှားနိုင်အောင်ဖြစ်သောရောဂါကို ပက္ခဃာတ- ကိုယ်တခြမ်းသေစေသော ရောဂါဟူ၍၄င်း ခေါ်ဆိုခဲ့ကြသည်။ အထူးသဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ ကောင်းစွာမလှုပ်ရှားနိုင်သော ရောဂါမျိုးဖြစ်သည်။

ခံဗူးဆရာတော်၏ သက်စောင့်ကုထုံးတွင် လေမျိုး(၈၀)မှ -

ပက္ခဝါတ - ကိုယ်တခြမ်းသေစေသောလေ

အတီတဝါတ - စောင်းရွေ့စေတတ်သောလေ

မုဂဝါတ - ဆွံ့အစေတတ်သောလေ တို့သည် ကိုယ်တခြမ်းသေသော လေငန်းရောဂါကို ဖြစ်စေသော လေအမျိုးအစားများဖြစ်ပါသည်။

- ပက္ခဝါတလေအပြစ်ပြုခြင်းခံရပါက ကိုယ်တခြမ်းသေခြင်း၊ ခြေလက်များမလှုပ်ရှားနိုင် ခြင်းဖြစ်သော်လည်း၊ ခြေလက်များမလှုပ်ရှားနိုင်ခြင်း၊ မျက်နှာ၊ နှာခေါင်းရွဲ့သွားခြင်း၊ စကားပီသစွာမပြောနိုင်ခြင်း၊ စကားလုံးဝမပြောနိုင်ခြင်း တို့တွင် အထက်ဖော်ပြပါလေ(၃)မျိုးလုံး အပြစ်ပြုခြင်းခံရသောကြောင့်ဖြစ်ပါသည်။

# V ရောဂါဖြစ်ရသည့်အကြောင်း W

၁။ သွေးတိုးရောဂါရှိခြင်း ( သွေးကြောများအတွင်း ဖိအားများလာသဖြင့် သွေးပေါင် ချိန်ကြည့်သောအခါ နဂိုရှိရမည့်သွေးပေါင်ချိန်ထက်မြင့်တက်နေသည်ကို သွေးတိုးရောဂါဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ )

၂။ အေး၊ ချို၊ ဆိမ့်၊ ဖန် အရသာရှိသည့် ပထဝီအာပေါ်စာများ အစားများခြင်း။

၃။ အအေးကိုကြိုက်နှစ်သက်၍ လွန်ကဲစွာ အအေးခံခြင်း။

၄။ ဆီး၊ ဝမ်း၊ လေချုပ်ခြင်း။

၅။ လှုပ်ရှားသွားလာမှုနည်း၍ ဇိမ်ခံမှုများခြင်း။

၆။ နှလုံးရောဂါ၊ ဆီးချိုရောဂါရှိခြင်း။

၇။ အသက်(၄၀)ကျော် ဝဖြိုးသူများတွင် အဖြစ်များခြင်း စသည်တို့ဖြစ်ပါသည်။

**ဒေသနာနည်း** -ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကို လွဲမှားစွာ ကျင့်သုံးခြင်းကြောင့် ရောဂါဖြစ်ရပါသည်။

**အာယုဗ္ဗေဒနည်း** -ကာလ၊ အတ္တ၊ ကမ္မ ဟူသောအကြောင်းတရား(၃)ပါးကို လွန်၊ ယုတ်၊ လွဲမှားစွာ ကျင့်သုံးသောကြောင့် ရောဂါဖြစ်ရပါသည်။

# V ရောဂါဖြစ်စေသောအကြောင်း W

လေဖြတ်ခြင်းဝေဒနာကို ဖြစ်စေသောအကြောင်းများမှာ-

၁။ ဦးနှောက်အတွင်း သွေးအလုံအလောက်မရရှိရာမှ ဦးနှောက်တစ်ပိုင်းသေသွားခြင်း။

( Cerebral Infarction)

၂။ ဦးနှောက်အတွင်း သွေးယိုစီးခြင်း။ ( Cerebral Haemorrhage )

၃။ ဦးနှောက်အတွင်းအဖု၊ အကြိတ်ဖြစ်လာခြင်း။ (Tamour )

၄။ ဦးနှောက်ဗဟိုအာရုံကြောတို့၏ အမြှေးများယောင်ယမ်းခြင်း ( T.B, Meningitis )

တို့ကြောင့်ဖြစ်သည်။

❖ လူနာများ၏ ၈၀%သည် ဦးနှောက်အတွင်း အကြောင်းတခုခုကြောင့် သွေးအလုံ အလောက် မရရှိရာမှ ဦးနှောက်တစ်ပိုင်းသေသွားသည့်အကြောင်းကြောင့် လေဖြတ်သည့်ဝေဒနာ ခံစားရတတ်သည်။

# V လေငန်းရောဂါ၏ ရှေ့ပြေးလက္ခဏာများ W

၁။ ခြေလက်လှုပ်ရှားမှုလေးလံခြင်း။
၂။ ခြေလက်များထုံကျဉ်လာခြင်း။
၃။ စကားပြောလေးလံလာခြင်း၊ နှေးလာခြင်း။
၄။ အအိပ်အနေများခြင်း။
၅။ မျက်ခုံး၊ မျက်တောင်လှုပ်ခြင်း၊ လေးလံလာခြင်း။
၆။ ပါး၊ မေးစသည့် အသားအရေများ ကွက်၍လှုပ်ခြင်း။
၇။ ညအိပ်ပျော်နေစဉ် ခြေလက်အကြောများ ဆတ်ကနဲတုန်လှုပ်လာခြင်း၊ ဆွဲလာခြင်း။
၈။ ချွဲ၊ သလိပ်များအားကြီးလာကာ အထွက်များခြင်း။
၉။ လက်ဆုပ်ကိုင်၍ မမြဲခြင်း။
၁၀။ ဆီးလွန်ခြင်း၊ များခြင်း၊ အမြုပ်ထခြင်း၊ လွန်စွာအနံ့ပြင်းထန်ခြင်း။

၁၁။ ခြေထောက်အချမမှန်ခြင်း၊ ခြေထောက်ဆွဲလာခြင်း။
၁၂။ ဝမ်းလွန်စွာချုပ်ခြင်း။
၁၃။ ရေချိုးပြီး မျက်စိနီရဲခြင်း။
၁၄။ ကိုယ်ထုံကျဉ်ကိုက်ခဲလေးလာခြင်း။
၁၅။ ချွေးထွက်မညီခြင်း။
၁၆။ ဦးခေါင်း၊ နောက်စေ့မကြာခဏကိုက်ခဲခြင်း။
၁၇။ အမျိုးသမီးများ သွေးဆုံးချိန်တွင် ခြေလက်၊ ဒူးများ နာကျင်ခြင်း၊ ထုံခြင်း။
၁၈။ ကိုယ် အသားအရေဆူဖြိုးဝလာခြင်း။
၁၉။ သွေးပေါင်ချိန် မကြာခဏမြင့်တက်လာလေ့ရှိခြင်း။
၂၀။ သာမန်ဆေးဝါးများဖြင့် သွေးပေါင်ချိန်မကျဘဲ ရှိနေတတ်ခြင်း။

❖အထက်ပါလက္ခဏာများ ဖြစ်ပေါ်ခံစားလာရပါက စောစီးစွာ ဆေးကုသမှုခံယူပါက လေငန်းရောဂါဘေးမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

## V သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတ ကိုယ်တစ်ခြမ်းသေရောဂါအား W
## ဆေးဝါး ကုသမှု ပေးခြင်း

နံနက်(၈)နာရီ- ဆေးအမှတ်(၂၃) ဆေးပုလဲကလာပ် (၅) + ဆေးအမှတ် (၂၇) ပြည်လုံးချမ်းသာ (၅) +ရေနွေး
နေ့(၁၂)နာရီ- ဆေးအမှတ်(၁၇) သွေးဆေးနီကြီး (၅) + ဆေးအမှတ်(၂၃) ဆေးပုလဲကလာပ် (၅) + ရေနွေး
ညနေ(၄)နာရီ- ဆေးအမှတ်(၃၃) အစာကြေလေပုတ်ထုတ် (၆) + ရေနွေး
ည(၈)နာရီ - ဆေးအမှတ်(၁၂)(၂) စက္ခုပါလ (၂) (၆) + ရေအေး
ညအိပ်ယာဝင် အဘိဉာဉ်(၂) (၅) + ရေနွေး

လိမ်းဆေး - (နေ့) ဆေးအမှတ်(၄၃) အကင်းဆယ်ပါး + ဆေးအမှတ်(၂၉) သဗ္ဗဇေယျဆေးစပ်ကြီး + ရေနွေး
- (ည) အကြောလိမ်းဆေးအဆီကျဲ

လျှာပွတ်ဆေး - ဆေးအမှတ်(၃၂) နန်းတွင်းလျှာပွတ်ဆေး (၁) တနေ့(၃)ကြိမ်

ပူးတွဲကုသမှုများ-
-အကြောပြုပြင်ခြင်း။
-ပဉ္စကမ္မနည်းဖြင့် ဆောင်ရွက်ပေးခြင်း။
-လေ့ကျင့်ခန်းပြုလုပ်စေခြင်း။

# V ရှောင်ရန်နှင့် စားရန် အစားအစာတို့ကို ပြဆိုခြင်း W

- သွေးတိုးရောဂါရှိနေခြင်းကြောင့် အငန်များသည့်ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ အဆီများပိတ်ဆို့စေတတ်သော ဝက်သားကဲ့သို့သောအစာများ၊ အကြောတက်၍ တောင့်တင်းစေသော ဒညင်းသီး၊ ငါးသလောက်၊ ဆူးပုတ်ရွက် စသောအစာများ၊ ဝမ်းကိုချုပ်စေသည့် ဒံပေါက်၊ ကောက်ညှင်းစသော အစာများ၊ အပူအပုတ်ကို တိုးပွားစေသည့် ဝမ်းတွင်းသား၊ လက်လုပ်ချဉ် တို့ကို ရှောင်စေပါသည်။

- အကြောလေလျှောက်အားကို ကောင်းစေတတ်သော ကြက်သွန်ဖြူ ကြက်သွန်နီ၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ဥသျှစ်ရွက်၊ ရှောက်သီး၊ ရှောက်ရွက်၊ ကင်ပွန်းချဉ်ရွက်၊ ကြေကျက်လွယ်သော သားငါးသီးနှံတို့ကို စားစေပါသည်။

# သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတရောဂါ ပျောက်ကင်းမှု အခြေပြဇယား (၂၀၀၆ )ခုနှစ်

| စဉ် | လူနာအမည် | အသက် | ဆေးရုံတက်ရက်စွဲ | ဆေးရုံဆင်းရက်စွဲ | အကူကုသမှုများ | | | ဆေးရုံတင်စဉ်ခံစားချက်အခြေအနေ | ဆေးရုံဆင်းချိန်ခံစားချက်အခြေအနေ |
|---|---|---|---|---|---|---|---|---|---|
| | | | | | အကြောပြင် | ပဥ္စကမ္မ | လေ့ကျင့်ခန်း | | |
| ၁ | ဦးကျော်သန်း | ၅၈ | ၂၁. ၆. ၀၆ | ၁၁. ၇. ၀၆ | ✔ | ✔ | ✔ | B.P – 190/90mmHg<br>- စကားပြောလေးသည်။<br>- လမ်းမလျှောက်နိုင်ပါ။<br>- ဒရွတ်ဆွဲနေသည်။ | B.P – 170/90mmHg<br>- စကားပြောအနည်းငယ်သွက်လာသည်။<br>-အိပ်ယာမှထနိုင်၊ထိုင်နိုင်လာသည်။<br>- အကူဖြင့် လမ်းလျှောက်နိုင်သည်။ |
| ၂ | ဒေါ်ကြင်လှိုင် | ၅၉ | ၉. ၇. ၀၆ | ၂၃. ၇. ၀၆ | ✔ | ✔ | ✔ | B.P – 180/100mmHg<br>-စကားပြောလေး၍မပီသပါ။<br>-ညာဖက်တစ်ခြမ်း မလှုပ်ရှားနိုင်ပါ။ | B.P – 130/80mmHg<br>-စကားအနည်းငယ် ပီသလာသည် ။<br>-ညာလက်ချောင်းကလေးများ လှုပ်ရှားနိုင်သည်။<br>-ညာခြေထောက် မတ်မတ်ထောက်နိုင်လာသည်။ |
| ၃ | ဒေါ်ရီမြင့် | ၄၁ | ၁. ၈. ၀၆ | ၂၉. ၈. ၀၆ | ✔ | ✔ | ✔ | B.P – 190/120mmHg<br>-စကားပြောလေး၍မပီသပါ။<br>-ဘယ်တစ်ခြမ်း မလှုပ်ရှားနိုင်ပါ။ | B.P– 180/100mmHg<br>-စကားပြောပီသလာသည်။<br>-ဘယ်လက်ချောင်းများလှုပ်ရှားနိုင်သည်။ |

# သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတရောဂါ ပျောက်ကင်းမှု အခြေပြဇယား (၂၀၀၆ )ခုနှစ်

| စဉ် | လူနာအမည် | အသက် | ဆေးရုံတက်ရက်စွဲ | ဆေးရုံဆင်းရက်စွဲ | အကူကုသမှုများ | | | ဆေးရုံတင်စဉ်ခံစားချက်အခြေအနေ | ဆေးရုံဆင်းချိန်ခံစားချက်အခြေအနေ |
|---|---|---|---|---|---|---|---|---|---|
| | | | | | အကြောပြင် | ပဥ္စကမ္မ | လေ့ကျင့်ခန်း | | |
| ၄ | ဦးသိန်းမောင် | ၆၃ | ၁၇. ၈. ၀၆ | ၂၉. ၈. ၀၆ | ✔ | ✔ | ✔ | B.P – 170/110mmHg<br>- ဘယ်တစ်ခြမ်းမလှုပ်နိုင်ပါ။<br>- ပါးစောင်တွင်အစာကျန်သည်။<br>- ရေသောက်လျှင်ပြန်ထွက်ကျသည်။<br>- လမ်းမလျှောက်နိုင်ပါ။ | B.P – 170/90mmHg<br>- ဘယ်ခြေချောင်းလေးများလှုပ်နိုင်သည်။<br>-ပါးစောင်တွင်အစာမကျန်တော့ပါ။<br>- ရေသောက်လျှင်ပြန်ထွက်မကျတော့ပါ။ |
| ၅ | ဦးခင်ဇော် | ၆၄ | ၂၂. ၈. ၀၆ | ၂၆. ၉. ၀၆ | ✔ | ✔ | ✔ | B.P – 200/140mmHg<br>-စကားပြောလေး၍မပီသပါ။<br>-ညာဖက်ခြေထောက် မလှုပ်နိုင်ပါ။ | B.P– 150/110mmHg<br>-စကားပြောသွက်လာသည်<br>-ညာဖက်ခြေချောင်းလေး များလှုပ်ရှားနိုင်သည်။<br>-ညာဖက်ဒူးအကွေးအဆန့်ပြုလုပ်နိုင်သည်။ |
| ၆ | ဦးတင်ထွန်းလေး | ၄၆ | ၅. ၉. ၀၆ | ၂၈. ၉. ၀၆ | ✔ | ✔ | ✔ | B.P – 180/100mmHg<br>-ညာဖက်ခြေ၊လက်များမလှုပ်ရှားနိုင်ပါ။ | B.P – 140/90mmHg<br>-ညာဖက်ခြေ၊လက်များလှုပ်ရှားနိုင်သည်။<br>-ပစ္စည်းကိုင်နိုင်လာသည်။<br>-ညာခြေကျင်းဝတ်ကုတ်နိုင်ကော့နိုင်လာသည်။<br>-အကူဖြင့်လမ်းလျှောက်နိုင်လာသည်။ |

# သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတရောဂါ ပျောက်ကင်းမှု အခြေပြဇယား (၂၀၀၆ )ခုနှစ်

| စဉ် | လူနာအမည် | အသက် | ဆေးရုံတက်ရက်စွဲ | ဆေးရုံဆင်းရက်စွဲ | အကူကုသမှုများ | | | ဆေးရုံတင်စဉ်ခံစားချက်အခြေအနေ | ဆေးရုံဆင်းချိန်ခံစားချက်အခြေအနေ |
|---|---|---|---|---|---|---|---|---|---|
| | | | | | အကြောပြင် | ပဥ္စကမ္မ | လေ့ကျင့်ခန်း | | |
| ၇ | ဦးစံရွှေ | ၆၀ | ၁. ၉. ၀၆ | ၂၅. ၉. ၀၆ | ✔ | ✔ | ✔ | B.P – 180/90mmHg<br>- စကားပြောလေးသည်။<br>- ညာလက်ကောင်းစွာ မလှုပ်ရှားနိုင်ပါ။<br>- လမ်းလျှောက်လျှင် ညာဒူး ညွှတ်ကျသည်။ | B.P – 140/90mmHg<br>- ညာလက်ကောင်းစွာ လှုပ်ရှားနိုင်သည်။<br>-လမ်းလျှောက်လျှင် ညာဒူး ညွှတ်မကျတော့ပါ။ |
| ၈ | ဦးမြစံ | ၇၈ | ၁၇. ၁၀. ၀၆ | ၁၂. ၁၂. ၀၆ | ✔ | ✔ | ✔ | B.P – 180/90mmHg<br>-နှာခေါင်းပိုက်၊ဆီးပိုက်တပ် ထားပါသည်။<br>-စကားမပြောနိုင်ပါ။<br>-ညာဖက်တစ်ခြမ်းမလှုပ်ရှားနိုင်ပါ။ | B.P – 150/110mmHg<br>-စကားအနည်းငယ်ပြောနိုင်လာသည် ။<br>-နှာခေါင်းပိုက်၊ဆီးပိုက် မတပ် ရတော့ပါ။<br>-ညာခြေချောင်းကလေးများ အနည်းငယ်လှုပ်ရှားနိုင်သည်။ |
| ၉ | ဦးကျော်ဆွေ | ၅၀ | ၂၀. ၁၀. ၀၆ | ၁၁. ၁၁. ၀၆ | ✔ | ✔ | ✔ | B.P – 170/110mmHg<br>-ညာလက်မလှုပ်ရှားနိုင်ပါ။<br>-ညာခြေထောက် မလှုပ်ရှားနိုင်ပါ။ | B.P – 130/70mmHg<br>-စကားပြောပီသလာသည်။<br>-ညာလက်ချောင်းများ၊လက်ကောက်ဝတ်၊တံတောင်ဆစ်လှုပ်ရှားနိုင်သည်။<br>-ညာလက်၉၀ခန့်မြောက်နိုင်သည်<br>-ညာခြေ၇၀ခန့်မြောက်နိုင်သည် |

# သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတရောဂါ ပျောက်ကင်းမှု အခြေပြဇယား (၂၀၀၆ )ခုနှစ်

| စဉ် | လူနာအမည် | အသက် | ဆေးရုံတက်ရက်စွဲ | ဆေးရုံဆင်းရက်စွဲ | အကူကုသမှုများ | | | ဆေးရုံတင်စဉ်ခံစားချက်အခြေအနေ | ဆေးရုံဆင်းချိန်ခံစားချက်အခြေအနေ |
|---|---|---|---|---|---|---|---|---|---|
| | | | | | အကြောပြင် | ပဉ္စကမ္မ | လေ့ကျင့်ခန်း | | |
| ၁၀ | ဒေါ်အမာ | ၇၂ | ၁၁. ၁၁. ၀၆ | ၂၇. ၁၁. ၀၆ | ✔ | ✔ | ✔ | B.P – 150/80mmHg<br>-ညာတစ်ခြမ်းထုံကျင်သည်။<br>-စကားပြောလေး၍မပီသပါ။<br>- လမ်းမလျှောက်နိုင်ပါ။<br>- ညာလက်မမြှောက်နိုင်ပါ။<br>- လက်သီးမဆုပ်နိုင်ပါ။ | B.P – 130/70mmHg<br>-ညာတစ်ခြမ်းမထုံကျင်ပါ။<br>-စကားပြောသွက်၍ပီသလာသည်။<br>- လမ်းလျှောက်နိုင်သည်။<br>- ညာလက်မြှောက်နိုင်လာသည်။<br>- လက်ချောင်းကလေးများလှုပ်ရှားနိုင်လာသည်။ |

# သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတရောဂါ ပျောက်ကင်းမှု အခြေပြဇယား (၂၀၀၇ )ခုနှစ်

| စဉ် | လူနာအမည် | အသက် | ဆေးရုံတက်ရက်စွဲ | ဆေးရုံဆင်းရက်စွဲ | အကူကုသမှုများ | | | ဆေးရုံတင်စဉ်ခံစားချက်အခြေအနေ | ဆေးရုံဆင်းချိန်ခံစားချက်အခြေအနေ |
|---|---|---|---|---|---|---|---|---|---|
| | | | | | အကြောပြင် | ပဥ္စကမ္မ | လေ့ကျင့်ခန်း | | |
| ၁၁ | ဒေါ်ဟံသွယ် | ၆၈ | ၉. ၁. ၀၇ | ၂၂. ၂. ၀၇ | ✔ | ✔ | ✔ | B.P – 230/110mmHg<br>- ဘယ်တစ်ခြမ်းလေး၍ ကျဉ်နေသည်။<br>- လမ်းမလျှောက်နိုင်ပါ။<br>- လှုပ်ရှားမှု မလုပ်နိုင်ပါ။ | B.P– 60/100mmHg<br>- ဘယ်တစ်ခြမ်း မကျဉ်တော့ပါ။<br>- တစ်ယောက်တည်း လမ်းလျှောက်နိုင်သည်။<br>-လှုပ်ရှားမှုပြုလုပ်နိုင်သည်။ |
| ၁၂ | ဦးရန်နိုင်လွင် | ၃၆ | ၁၂. ၁. ၀၇ | ၉. ၂. ၀၇ | ✔ | ✔ | ✔ | B.P – 160/100mmHg<br>-စကားပြောလေး၍မပီသပါ။<br>-ညာဖက်သို့ပါးအနည်းငယ်ရွဲ့နေသည်။<br>-လျှာဘယ်သို့အနည်းငယ်စောင်းနေသည်။<br>-ဘယ်လက်မမြှောက်နိုင်ပါ။<br>-တစ်ခြမ်းလေးနေသည်။ | B.P – 130/90mmHg<br>-စကားပြောမလေးပါ။<br>-ပါးမရွဲ့တော့ပါ။<br>- လျှာမစောင်းတော့ပါ။<br>-ဘယ်လက်၄၅ံခန့်မြှောက်နိုင်သည်။<br>-လက်ချောင်းများအကွေးအဆန့်ရသည်။ |
| ၁၃ | ဒေါ်မိုးမိုးဝေ | ၅၀ | ၂၆. ၁. ၀၇ | ၂၄. ၂. ၀၇ | ✔ | ✔ | ✔ | B.P – 180/100mmHg<br>-ညာဒူးအကွေးအဆန့်မလုပ်နိုင်ပါ။<br>-လျှာဘယ်စောင်းနေသည်။<br>- လမ်းမလျှောက်နိုင်ပါ။ | B.P– 80/100mmHg<br>-ညာဒူးအကွေးအဆန့်လုပ်နိုင်သည်။<br>-လျှာမစောင်းတော့ပါ။<br>- အကူဖြင့်လမ်းမလျှောက်နိုင်သည်။ |

# သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတရောဂါ ပျောက်ကင်းမှု အခြေပြဇယား (၂၀၀၇ )ခုနှစ်

| စဉ် | လူနာအမည် | အသက် | ဆေးရုံတက်ရက်စွဲ | ဆေးရုံဆင်းရက်စွဲ | အကုကုသမှုများ | | | ဆေးရုံတင်စဉ်ခံစားချက်အခြေအနေ | ဆေးရုံဆင်းချိန်ခံစားချက်အခြေအနေ |
|---|---|---|---|---|---|---|---|---|---|
| | | | | | အကြောပြင် | ပဉ္စကမ္မ | လေ့ကျင့်ခန်း | | |
| ၁၄ | ဒေါ်ခင်လှ | ၆၃ | ၃. ၃. ၀၇ | ၈. ၄. ၀၇ | ✔ | ✔ | ✔ | B.P – 170/90mmHg<br>- ဘယ်တစ်ခြမ်းမလှုပ်နိုင်ပါ။<br>- မျက်နှာမှုစ၍ထုံကျင်နေပြီး ခေါင်းကိုက်နေသည်။<br>- လမ်းမလျှောက်နိုင်ပါ။<br>- စကားပြောလေး၍ ဇက်ကြော ထိုးနေသည်။ | B.P – 130/90mmHg<br>- အကူမပါဘဲ လမ်းလျှောက်နိုင်လာသည်။<br>- စကားပြောမလေးပါ။<br>- ဘယ်တစ်ခြမ်းထုံကျင်မှု မရှိတော့ပါ။<br>- လှုပ်ရှားမှုအနည်းငယ် ပြုလုပ်နိုင်သည်။ |
| ၁၅ | ဦးဝိဇ္ဇောဘာသ | ၇၀ | ၈. ၃. ၀၇ | ၂၉. ၅. ၀၇ | ✔ | ✔ | ✔ | B.P – 170/100mmHg<br>-ဘယ်လက်မလှုပ်ရှားနိုင်ပါ။<br>- လမ်းမလျှောက်နိုင်ပါ။<br>-ကောင်းစွာမထိုင်နိုင်ပါ။<br>-ဘယ်ခြေကျင်းဝတ် ကုပ်၍ ရပြီးကော့မရပါ။<br>- ပါးညာသို့ရွဲ့နေပြီး စကား ပြောမပီသပါ။ | B.P – 130/70mmHg<br>-အကူမပါဘဲလမ်းလျှောက် နိုင်သည်။<br>-ဘယ်လက်အကွေးအဆန့် ရလာသည်။<br>-ဘယ်ခြေအကွေးအဆန့် ရလာသည်။<br>- ခြေကျင်းဝတ်၊ခြေချောင်း များလှုပ်ရှားနိုင်သည်။<br>- ပါးစပ်မရွဲ့တော့ပါ။<br>- စကားပီသစွာ ပြောနိုင် လာသည်။ |

# သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတရောဂါ ပျောက်ကင်းမှု အခြေပြဇယား (၂၀၀၇ )ခုနှစ်

| စဉ် | လူနာအမည် | အသက် | ဆေးရုံတက်ရက်စွဲ | ဆေးရုံဆင်းရက်စွဲ | အကူကုသမှုများ | | | ဆေးရုံတင်စဉ်ခံစားချက်အခြေအနေ | ဆေးရုံဆင်းချိန်ခံစားချက်အခြေအနေ |
|---|---|---|---|---|---|---|---|---|---|
| | | | | | အကြောပြင် | ပဥ္စကမ္မ | လေ့ကျင့်ခန်း | | |
| ၁၆ | ဦးမောင်ကံ | ၆၃ | ၂၀. ၃. ၀၇ | ၁၀. ၄. ၀၇ | ✔ | ✔ | ✔ | B.P – 180/90mmHg<br>- စကားပြောလေးသည်။<br>- ဇက်ကြောထိုးသည်။<br>- ခေါင်းမူးသည်။<br>- လမ်းလျှောက်လျှင်ညာခြေ တရွတ်ဆွဲသည်။<br>-အကူဖြင့်သာလမ်းလျှောက် နိုင်သည်။ | B.P – 150/90mmHg<br>- စကားပြောမလေးတော့ပါ။<br>- ဇက်ကြောမထိုး၊ ခေါင်းမမူး တော့ပါ။<br>- လမ်းလျှောက်လျှင်ညာခြေ တရွတ်မဆွဲတော့ပါ။<br>- အကူမပါဘဲလမ်းလျှောက်နိုင် သည်။ |
| ၁၇ | ဦးရိစန်းရှော | ၆၁ | ၂၄. ၃. ၀၇ | ၁၅. ၅. ၀၇ | ✔ | ✔ | ✔ | B.P– 160/100mmHg<br>- စကားပြောမပီသပါ။<br>- ညာသို့လျှာအနည်းငယ် စောင်းနေသည်။<br>- လမ်းမလျှောက်နိုင်ပါ။ | B.P – 130/90mmHg<br>- ညာလက်ချောင်းများ အကွေး အဆန့်ပြုလုပ်နိုင်သည်။<br>- ညာလက်ကောက်ဝတ် အနည်း ငယ်လှုပ်ရှားနိုင်သည်။<br>-အကူဖြင့်လမ်းလျှောက်နိုင်သည်။ |
| ၁၈ | ဒေါ်ခင်ဦးမြင့် | ၆၁ | ၇. ၄. ၀၇ | ၃၁. ၅. ၀၇ | ✔ | ✔ | ✔ | B.P – 160/90mmHg<br>-ပါးညာသို့ရွဲ့သည်။<br>-ဘယ်လက်မမြောက်နိုင်ပါ။<br>-ဘယ်ခြေ၃ဝံသာမြောက်နိုင် ပြီး ဒူးမကွေးနိုင်ပါ။<br>-တယောက်တည်းလမ်းမ လျှောက်နိုင်ပါ။ | B.P – 130/70mmHg<br>- ဘယ်လက်၊ခြေကောင်းစွာ မြောက်နိုင်လာသည်။<br>- တယောက်တည်းလမ်းလျှောက် နိုင်သည်။<br>-ဘယ်ခြေကျင်းဝတ်နှင့်ခြေချောင်း များလှုပ်ရှားနိုင်သည်။ |

# သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတရောဂါ ပျောက်ကင်းမှု အခြေပြဇယား (၂၀၀၇ )ခုနှစ်

| စဉ် | လူနာအမည် | အသက် | ဆေးရုံတက်ရက်စွဲ | ဆေးရုံဆင်းရက်စွဲ | အကူကုသမှုများ | | | ဆေးရုံတင်စဉ်ခံစားချက်အခြေအနေ | ဆေးရုံဆင်းချိန်ခံစားချက်အခြေအနေ |
|---|---|---|---|---|---|---|---|---|---|
| | | | | | အကြောပြင် | ပဥ္စကမ္မ | လေ့ကျင့်ခန်း | | |
| ၁၉ | ဒေါ်ဝ | ၈၀ | ၂. ၅. ၀၇ | ၁၅. ၆. ၀၇ | ✔ | ✔ | ✔ | B.P – 200/100mmHg<br>-ဘယ်တစ်ခြမ်းလေးသည်။<br>-လျှာဘယ်သို့စောင်းသည်။<br>- လမ်းမလျှောက်နိုင်ပါ။<br>- ဘယ်ပခုံးဆစ်နာသည်။ | B.P – 160/90mmHg<br>-ဘယ်ခြေ(၅၀)မြှောက်နိုင်။<br>- အကူဖြင့် လမ်းလျှောက်နိုင်သည်။<br>- ဘယ်လက်ချောင်းလေးများ အကွေးအဆန့်ပြုလုပ်နိုင်သည်။ |
| ၂၀ | ဒေါ်ခင်ဝင်း | ၄၅ | ၂၄. ၅. ၀၇ | ၂၀. ၆. ၀၇ | ✔ | ✔ | ✔ | B.P – 210/120mmHg<br>-ညာတစ်ခြမ်းလေးသည်။<br>-လျှာညာသို့စောင်းသည်။<br>- လမ်းမလျှောက်နိုင်ပါ။<br>- ညာလက်တုံနေသည်။ | B.P – 160/90mmHg<br>- ၃၀မိနစ်ခန့်ထိုင်နိုင်သည်<br>- အကူဖြင့် လမ်းလျှောက်နိုင်သည်။<br>- လျှာစောင်းခြင်းသက်သာလာသည်။ |

# V သုံးသပ်ချက် W

သွေးတိုးကြောင့်ဖြစ်သော ပက္ခဃာတဝေဒနာရှင်များအား ဆေးကုသရာတွင် ၄င်းရောဂါဖြစ်ပြီး(၆)လ၊ (၁)နှစ်ကြာမှ ဆေးရုံသို့လာရောက်ဆေးကုသော လူနာအများစုသည် ကြွက်သားများ အားနည်းခြင်း၊ အဆစ်အဆက်များခိုင်နေခြင်းတို့ကြောင့် ၄၀%သာ သက်သာ ပျောက်ကင်းပြီး၊ ဖြစ်ဖြစ်ချင်းတက်ရောက်ကုသကြသော လူနာများသည် ကြွက်သားအားကောင်းနေခြင်း၊ အဆစ်အဆက်များ ပျော့ပြောင်းနေခြင်း၊ လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်နိုင်ခြင်းတို့ကြောင့် ၈၀% အထိ သက်သာပျောက်ကင်းသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ပက္ခဃာတဝေဒနာရှင်များသည် သောက်ဆေး၊ လိမ်းဆေး၊ လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ခြင်း၊ စသည့် ပူးတွဲကုသမှုများဖြင့် ခံစားနေရသော ရောဂါလက္ခဏာများ သက်သာပျောက်ကင်းလာ သည်ဟု သုံးသပ်ရပါသည်။

# V နိဂုံး W

- ပက္ခဃာတဝေဒနာရှင်များသည် သွေးတိုးကြောင့် အများစုဖြစ်ပြီး၊ ၄င်းသွေးတိုးရောဂါကို ထိန်းထားနိုင်ခြင်း၊ ဆေးဝါးများတိုက်ကျွေးကုသခြင်း၊ လေ့ကျင့်ခန်းများ သေချာစွာပြုလုပ်စေခြင်း၊ ပူးတွဲကုသမှုများဖြင့် ကုသခြင်းကြောင့် ၈၀%သောဝေဒနာရှင်များ အမှန်သက်သာပျောက်ကင်းခဲ့ပါသည်။

- ပက္ခဃာတရောဂါဖြစ်ကြောင်းအား သိရှိခြင်းကြောင့် မဖြစ်ခင်က ကာကွယ်မှုပြုနိုင်မည် ဆိုလျှင်လည်းကောင်း၊ ဆောင်ရန်၊ ရှောင်ရန်ကို သိရှိခြင်းကြောင့် ဒုတိယအကြိမ် မဖြစ်နိုင်ရန် ကြိုတင်ကာကွယ်မှု ပြုနိုင်မည့် အကျိုးကျေးဇူးတစ်ခုရရှိမည်ဆိုပါက ဤစာတမ်းငယ်အား ပြုစုရကျိုးနပ်မည်ဖြစ်ပါသည်။

# V ကျမ်းကိုးစာရင်း W

၁။ လက်တွေ့အသုံးချကုထုံး (ဆရာကြီးဦးဟန်ထွန်း)

၂။ ဆရာဝန်တင်ရွှေ (သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းအမျိုးမျိုး)

၃။ သက်စောင့်ကုထုံးကျမ်း (ခံဗူးဆရာတော်)

၄။ သွေးတိုးကြောင့်ဖြစ်သော လေငန်းရောဂါရှင်များ မှတ်တမ်း (၂၀၀၆၊ ၂၀၀၇-ခုနှစ်-မန္တလေး တိုင်းရင်းဆေးရုံကြီး)









Y Z

# ကျေးဇူးတင်ပါသည်။

W X